PP PETROLEUM COMPANY LIMITED

TAPIN SHWE HTEE STREET, NO 548, 8 QUARTER, SHWE PYI THAR TOWNSHIP, YANGON REGION, MYANMAR

သို့

ညွှန်ကြားရေးမှူးချုပ်

ကုန်သွယ်ရေးဦးစီးဌာန

နေပြည်တော်။

ရက်စွဲ။ ။၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၁၆)ရက်။

အကြောင်းအရာ။ Invoice နှင့် Sales Contract အစစ်အမှန်များဖြစ်ကြောင်းနှင့် လိုင်စင်လျှောက်လွှာပါ ဖော်ပြချက်များ၊ ဈေးနှုန်းနှင့် တန်ဖိုးများ မှန်ကန်ကြောင်း ဝန်ခံကတိပြုတင်ပြခြင်း။

၁။ အထက်အကြောင်းပါ ကိစ္စနှင့်ပက်သက်၍ ကျွန်တော်များ ကုမ္ပဏီဖြစ်သည့် PP Petroleum Company Limited ကုမ္ပဏီသည် Singapore နိုင်ငံမှ High Speed Diesel Oil 10 PPM ၊ တန်ဖိုး (USD 14,982,500)အား တင်သွင်းခွင့်ရရှိရေးအတွက် သွင်းကုန်လိုင်စင်လျှောက်ထားအပ်ပါသည်။

၂။ ကျွန်တော်များ PP Petroleum Company Limited ကုမ္ပဏီမှ လိုင်စင်လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် Invoice နှင့် Sale Contract သည် တစ်ဖက်နိုင်ငံကုမ္ပဏီနှင့် အရောင်းအဝယ်ပြုလုပ်သည့် စာရွက်စာတမ်းအစစ်အမှန်များဖြစ်ပြီး ၎င်း Invoice နှင့် Sales Contract ပါ ပစ္စည်းဈေးနှုန်း၊ တန်ဖိုးများမှာ အမှန်ဝယ်ယူရသည့် ဈေးနှုန်းများမှန်ကန်ကြောင်းနှင့် တစ်ဖက်နိုင်ငံကုမ္ပဏီသို့ ငွေပေးချေရာတွင် Invoice ပါ တန်ဖိုးအတိုင်း လွှဲပို့ပေးရမည်မှာ မှန်ကန်ပါကြောင်း ဝန်ခံကတိ ပြုပါသည်။

၃။ လျှောက်ထားသည့် Invoice ပါ တန်ဖိုးအတိုင်း တင်သွင်းခွင့်ပြုထားသည့် လိုင်စင်/ပါမစ်များ၏ ပို့ကုန်၊ သွင်းကုန်၊ တင်ပို့/တင်သွင်းခြင်းအပေါ် အခွန်ကောက်ခံခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပက်သက်၍ စိစစ်ခြင်း၊ တန်ဖိုးသတ်မှတ်ခြင်း၊ ကောက်ခံခြင်းတို့အား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဥပဒေ ၊ နည်းဥပဒေ၊အမိန့်၊ လုပ်ထုံး လုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်ပါမည်။

၄။ ကျွန်တော်များ ကုမ္ပဏီအနေဖြင့် Invoice နှင့် Sale Contract တို့အား အတုအပ ပြုလုပ်ခြင်း၊ Invoice နှင့် Sales Contract ပါ အချက်အလက်များအား မမှန်မကန်ဖော်ပြခြင်း၊ တရားမဝင်ဆောင်ရွက်ခြင်း၊ Invoice နှင့် Sales Contract ပါ ဈေးနှုန်းနှင့် တန်ဖိုးများအား အခွန်ရှောင်တိမ်းရန် ရည်ရွယ်၍ မမှန်မကန်ဆောင်ရွက်ထားကြောင်း စိစစ်တွေ့ရှိရပါက ယခင်တင်သွင်းထားသည့် လိုင်စင်/ပစ္စည်း ဈေးနှုန်းများကိုပါ နောက်ကြောင်းပြန် စစ်ဆေးမှုခံယူ၍ သက်ဆိုင်ရာဌာနအလိုက် ထုတ်ပြန်ထားသည့် တည်ဆဲ ဥပဒေ၊နည်းဥပဒေ၊ အမိန့်၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအတိုင်း အရေးယူခံရမည်ကို လက်ခံပါကြောင်း ဝန်ခံကတိပြုပါသည်။

၅။ ကျွန်တော်များ PP Petroleum Company Limited ကုမ္ပဏီမှ အပိုဒ်(၁)ပါ သွင်းကုန်လိုင်စင်လျှောက်ထားခြင်း ကိစ္စရပ်များအား ဦးရန်ကျော်ဝင်း (မှတ်ပုံတင်အမှတ်၊၁၂/လသန(နိုင်)၀၂၀၈၀၁)အား ကိုယ်စားလှယ်လွှဲအပ်ထားသည်မှာ မှန်ကန်ပါကြောင်း နှင့် ကျွန်တော်များ PP Petroleum Company Limited ကုမ္ပဏီအမည်ဖြင့် ကုန်သွယ်ရေးဦးစီးဌာနတွင် ဒါရိုက်တာအမည်၊ တံဆိပ်တုံး၊ လက်မှတ်များရိုက်နှိပ်ရေးထိုး လိုင်စင်လျှောက်ထားခြင်းမှာ ကျွန်တော်များ PP Petroleum Company Limited ကုမ္ပဏီမှ ဆောင်ရွက်ခြင်း မှန်ကန်ပါကြောင်း၊အထက်အပိုဒ်(၁)မှ(၅)ပါ ကိစ္စရပ်များအားလုံးအား ကုမ္ပဏီမှတာဝန်ယူဆောင်ရွက်မည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

PP Petroleum Company Limited
No.....
Date.....

လေးစားစွာဖြင့်

U Chit Htwe
Director
PP Petroleum Company Limited

PP PETROLEUM COMPANY LIMITED

TAPIN SHWE HTEE STREET, NO 548, 8 QUARTER, SHWE PYI THAR TOWNSHIP, YANGON REGION, MYANMAR

သို့

ညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
နေပြည်တော်

ရက်စွဲ။ ။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ(၁၆)ရက်။

အကြောင်းအရာ။ ။သွင်းကုန်လိုင်စင်လျှောက်ထားခြင်း။

၁။ အုပ်ချုပ်မှုဒါရိုက်တာအမည် - ဦးချစ်ထွေး

၂။ ဒါရိုက်တာအဖွဲ့ဝင်များ

စဉ်	အမည်	မှတ်ပုံတင်အမှတ်	နေရပ်လိပ်စာ
၁.	ဦးချစ်ထွေး	၁၄/မမန(နိုင်) ၂၁၀၄၆၀	TAPIN SHWE HTEE STREET, NO.548,8 QUARTER, SHWE PYI THAR TOWNSHIP, YANGON REGION, MYANMAR

၃။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/ ခုနှစ် - ၁၃၅၄၈၁၆၂ / (၂၄.၁၁.၂၀၂၂)

၄။ ထသကသက်တမ်းကုန်ဆုံးသည့်နေ့ - ၁၀.၇.၂၀၂၉

၅။ ကုမ္ပဏီအမျိုးအစား - Trading

၆။ လျှောက်ထားသည့်ကုန်ပစ္စည်း - High Speed Diesel Oil 10 PPM

၇။ ကုန်ပစ္စည်းတန်ဖိုး - USD 14,982,500

၈။ ပူးတွဲတင်ပြသည့်စာရွက်စာတမ်းများ

(က) သွင်းကုန်လိုင်စင်လျှောက်လွှာပုံစံ - ပူးတွဲ

(ခ) Invoice/Sale Contract - နောက်ဆက်တွဲ(က)

၉။ ယခုလျှောက်ထားသည့် သွင်းကုန်ပစ္စည်းများသည် ကြိုတင်တင်ခြင်း မရှိပါ။

၁၀။ သွင်းကုန်လိုင်စင်လျှောက်ထားခြင်းအတွက် အထက်ဖော်ပြပါအချက်များ မှန်ကန်ပါကြောင်းနှင့် ဖော်ပြထားသည့် Invoice/Sales Contract ပါ အမျိုးအစား၊ အရေအတွက်၊ စျေးနှုန်း၊ တန်ဖိုးနှင့် H.S Code များ မှန်ကန် ပါသည်။

PP Petroleum Company Limited
No.....
Date.....

လေးစားစွာဖြင့်

U Chit Htwe
Director
PP Petroleum Company Limited